ကျွန်းတောကျေးရွာ

မိုင်းဆတ်မြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၉ – ၂၀၂၄)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ကျွန်းတာကျေးရွာ၊ မိုင်းဆတ်မြို့နယ်

(မိုင်းဆတ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ  ကူညီရေးဆွဲသည်)

၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ

## မာတိကာ


| စဉ် | အကြောင်းအရာ | |
|---|---|---|
| | **စကားချီး** | |
| | **ကျွန်းတောကျေးရွာ သယံဇာတပြမြေပုံ၊ မိုင်းဆတ်မြို့နယ်** | |
| ၁။ | **တည်နေရာနှင့် ပထဝီဝင် အနေအထား** | |
| ၂။ | **ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ** | |
| ၃။ | **ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ** | |
| ၄။ | **စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ** | |
| | (က) သီးနှံ စိုက်ပျိုးရေး | |
| | (ခ) မွေးမြူရေးနှင့် ငါးလုပ်ငန်း | |
| | (ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ | |
| | (ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု | |
| ၅။ | **အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ** | |
| | (က) ကျေးလက်သယ်ယူပို့ဆောင်ရေး | |
| | (ခ) ကျေးရွာမီးလင်းရေး | |
| | (ဂ) သတင်းနှင့် ဆက်သွယ်ရေး | |
| ၆။ | **ပညာရေး** | |
| ၇။ | **ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး** | |
| ၈။ | **ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | |
| ၉။ | **ကျား-မရေးရာ ကိစ္စရပ်ဆိုင်ရာ** | |
| ၁၀။ | **ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ** | |
| | | |
| **နောက်ဆက်တွဲ** | | |
| | နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း | |
| | နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ | |
| | နောက်ဆက်တွဲ (၃) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား | |
| | နောက်ဆက်တွဲ (၄) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၁) | |
| | နောက်ဆက်တွဲ (၅) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၂) | |
| | နေ်ာကဆက်တွဲ (၆) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၃) | |

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၈/၁၉ ဘဏ္ဍာရေးနှစ်မှ ၂၀၂၂/၂၃ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာသူ/သားများကိုယ်တိုင်ပါဝင်ရေးဆွဲထားသည့်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအကြီးအကဲ(သူကြီး)နှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင် ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျပူးပေါင်းပါဝင် ဆောင်ရွက်သည့်နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင်မြို့နယ်ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးဆောင်၍ စီစဉ်ဆောင်ရွက်ပေးပါသည်။ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း ၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါ သည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့် သက်ဆိုင်ရာ ဦးစီးဌာနအသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြုဇယားများ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှုအခြေပြဇယား၊ နှစ်စဉ်ဦးစားပေးစီမံချက် အဆိုပြုလွှာစသည်တို့ကို အဓိကထား ဖော်ပြပါသည်။

ဖေဖော်ဝါရီ လ၊ ၂၀၁၉

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ကျွန်းတောကျေးရွာ
မိုင်းဆတ်မြို့နယ်

## ကျွန်းတောကျေးရွာ သယံဇာတပြမြေပုံ၊ မိုင်းဆက်မြို့နယ်



## ၁။ တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

ကျွန်းတောကျေးရွာသည် မိုင်းဆတ်မြို့နယ်နှင့် မိုင်းတုံမြို့သွား ကားလမ်းဘေးတွင် တည်ရှိသည်။စီးပွားရေးအရအချက်အခြာကျသောမိုင်းဆတ်ခရိုင်မြို့နှင့် (၆)မိုင်သာကွာဝေးသည်။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သဖြင့်သွားလာရလွယ်ကူသည်။ ကျေးရွာတည်ရှိရာ နေရာသည် မြေပြန့်ဖြစ်ပါသည်။အရှေ့ဖက်တွင်မိုင်းဆက်မြို့ရှိပြီး၊ အနောက်ဖက်တွင်တောင်လှေကားရွာ ရှိသည်။

## ၂။ ရာသီဥတုနှင့် သဘာ၀အရင်းအမြစ်များ

ကျွန်းတောကျေးရွာသည် ကျေးရွာအနီး၀န်းကျင်တွင် သဘာ၀တွင်းထွက်သယံဇာတများ မထွက်ရှိပါ။ ကျေးရွာ၀န်းကျင်ရှိ မယ်ဆွမ်ချောင်း၊ ဂေါ်ရှည်ချောင်း၊ ပါးစပ်ချောင်းများတွင် သဲ၊ ကျောက်စရစ်များ အသင့်အတင့်ထုတ်ယူရရှိနိုင်ပါသည်။ ကျေးရွာ၏ အနောက်ဖက်တွင်ရှိသော တောင်တန်းသည် သဘာ၀ပေါက်ပင်များ ပေါက်ရောက်ပြီး ကျေးရွာလူထုအတွက် ထင်း၊ ၀ါး၊ သက်ကယ်၊ ကျွန်း၊ ဆေးဖက်၀င်အပင်များရရှိပါသည်။ စိမ့်စမ်းရေသွယ်ယူသည့်နေရာသည် ရွာနှင့် (၁)မိုင်ခန့်ကွာဝေးပါသည်။ စိမ့်စမ်းရေသည် နွေရာသီတွင် အနည်းငယ်ခမ်းခြောက်မှုရှိသောကြောင့် သောက်သုံးရေအနည်းငယ်ဖူလုံမှုမရှိပါ။ စားကျက်မြေမရှိသောကြောင့် တိရစ္ဆာန်များကို လွှတ်ကျောင်းစနစ်ဖြင့် မွေးမြူကြပါသည်။ သဘာ၀တိရစ္ဆာန်မျိုးစိတ်များဖြစ်သော တော၀က်၊ ချေ၊ တောကြက်၊ မြွေအမျိုးမျိုးနှင့် အခြားဆေးဖက်၀င်အပင်များလည်း တွေ့ရှိရပါသည်။

## ၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကျွန်းတောကျေးရွာတွင် ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေမှာ အသင့်အတင့် ကောင်းမွန်ပါသည်။ ကျေးရွာ၏ လူမှုရေး၊ ပညာရေး၊ ဘေးကင်းလုံခြုံရေးတို့အတွက် ရည်ရွယ်၍ အုပ်ချုပ်ရေးအဖွဲ့၊ ကျောင်းကော်မတီ ၊မီးလင်းရေးကော်မတီ၊ ဘာသာရေး၊ လူငယ်အဖွဲ့၊ ကြက်ခြေနီနှင့် စနေအသင်း လူမှုရေးအဖွဲ့များ ဖွဲ့စည်းထားပါသည်။လူမှုရေးအဖွဲ့ဖြစ်သော စနေ အသင်းသည် ကျေးရွာတွင် လူမှုရေး၊ စီးပွားရေးအဆင်မပြေသော မိသားစုများမှ ကလေးများ၊ မိဘမဲ့ကလေးများအား ပညာသင်ပေးခြင်းများ၊ စောင့်ရှောက်ခြင်းများ ပြုလုပ်ပေးပါသည်။ မီးလင်းရေးကော်မတီမှာ ၂၀၁၄-၂၀၁၅ ခု တွင် ဆိုလာလျှပ်စစ်မီး ရရှိအောင် ဆောင်ရွက်ပေးခဲ့ သည်။ ကျေးရွာရှိအဆိုပါအဖွဲ့အစည်းများမှာ တစ်ဖွဲ့နှင့်တစ်ဖွဲ့အကြား ချိတ်ဆက်ဆောင်ရွက်မှု၊ အဖွဲ့အစည်းဆိုင်ရာ သဘောတရားတို့နှင့် ပါတ်သက်၍ ယေဘုယျအားဖြင့် အားနည်းကြပြီး အဖွဲ့အစည်းများ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများရရှိနိုင်ပါက ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှု ပိုမိုတိုးတက်ကောင်းမွန်လာနိုင်ပါသည်။ယခုအခါတွင်ကျေးလက်ဒေသဖွံ့ဖြိုးတိုတက်ရေးဦးစီးဌာနမှ ဦးဆောင်ပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီကို ကျေးရွာသူ/သားများကိုယ်တိုင်ပူးပေါင်းပါ၀င်ကာ

ရွေးချယ် ဖွဲ့စည်းခဲ့ပါသည်။ ဤကော်မတီသည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သော ဦးစားပေးလုပ်ငန်းများအား သက်ဆိုင်ရာဦးစီးဌာနများ၊ ပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက် ဆောင်ရွက် သွားပါမည်။ကျေးရွာပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်မှု အားနည်းနေ ပါသဖြင့် ချိတ်ဆက်ဆောင်ရွက်သွားရန် လိုအပ်နေပါသည်။

## ၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

### (က) သီးနှံ စိုက်ပျိုးရေး

ကျေးရွာတွင် လယ်မြေဧက စုစုပေါင်း (၁၆၇.၅)ဧကရှိသော်လည်း လယ်မြေများ အားလုံး နီးပါး ပုံစံ(၇)မရကြသေးပါ။မိရိုးဖလာရွှေ့ပြောင်းတောင်ယာစနစ်ကို လုပ်ကိုင်ကြ သူများလည်းရှိပြီး ရေိယာဧက အတိအကျသတ်မှတ်ရန် ခဲရင်းပါသည်။ စားကျက်မြေအဖြစ် တိတိကျကျ သတ်မှတ် ထားခြင်းမရှိဘဲ လွတ်ကျောင်းစနစ်ဖြင့်သာ မွေးမြူကြပါသည်။ ကျေးရွာတွင် လယ်ယာပိုင်ဆိုင်မှု အနေဖြင့် လယ်ယာမြေစုစုပေါင်း (၃၀)ဧကရှိပြီး တောင်ယာမြေ ဧက(၁၃၇.၅)ဧက ရှိပါသည်။ ကျေးရွာတွင် စိုက်ပျိုးရေးပြုလုပ်ရန်အတွက် ချောင်းရေကို ရာသီအလိုက်သာ အသုံးပြုနိုင်ပြီး ကျန်ကာလများတွင် မိုးရေကိုသာ အဓိကအားထား စိုက်ပျိုး ရပါသည်။ကျေးရွာတွင် အဓိက စိုက်ပျိုးသောသီးနှံမှာ စပါးဖြစ်ပြီး အခြားသီးနှံများ ဖြစ်သော ပြောင်း၊ နှမ်း၊ မြေပဲများနှင့် မီးဖိုချောင်သီးနှံများကို မိသားစုစားသုံးရန်အတွက်သာ စိုက်ပျိုးပါသည်။

ကျေးရွာတွင်လက်တွန်းထွန်စက်ပိုင်ဆိုင်သော တောင်သူများသည် မိမိတို့လယ်ယာမြေများ တွင်သာ အသုံးပြုရန် ရည်ရွယ်ကြသော်လည်း မိသားစုဝင်များ အမျိုးများ၏ လယ်ယာ လုပ်ငန်းခွင်တွင် ကူညီလုပ်ကိုင်ပေးလေ့ရှိကြပါသည်။ စက်ငှားရမ်းခကို တိကျစွာ သတ်မှတ်ထား ခြင်းမရှိဘဲ ဆီဖိုးပွံ့ပိုး၍ အကူအညီပေးခြင်းဖြစ်ပါသည်။ကျေးရွာဝန်းကျင်တွင် သဘာဝမြေသြဇာ အဖြစ် အသုံးပြုနိုင်သော နွားချေး၊ ကျွဲချေးနှင့် ကောက်ရိုးများ အလွယ်တကူရနိုင်ပြီး လုပ်သား အင်အားများစွာရှိပါသည်။ ရာသီဥတုအနေအထားမှာလည်း အပူလွန်ကဲခြင်း၊ အအေး လွန်ကဲခြင်း များမရှိဘဲ သင့်တင့်မျှတသော ရာသီ ဥတုဖြစ်ပါသည်။

### (ခ) မွေးမြူရေးနှင့် ငါးလုပ်ငန်း

ကျွန်းတောကျေးရွာတွင် ဝက် / ကြက်/ဘဲ/ နွားများကို သာ မွေးမြူကြပါသည်။ ဝက် / ကြက်များကို အိမ်တိုင်းနီးပါးမွေးမြူကြပါသည်။ လယ်ယာ လုပ်ငန်းခွင်တွင် ကျွဲ၊ နွားများကို အသုံးမပြုကြဘဲ လက်တွန်းထွန်စက်ကိုသာ အသုံးပြုကြပါသည်။ကျေးရွာတွင် စားကျက်မြေ သီးခြားသတ်မှတ်ထားခြင်း မရှိသော်လည်း လွတ်ကျောင်းစနစ်ဖြင့် မွေးမြူကြပါသည်။ မြို့နှင့်

(ဖြ)မိုင်သာကွာဝေးသည့်အတွက် မျိုးကောင်းတိရစ္ဆာန်များနှင့် မွေးမြူရေးအစာများကိုလည်း ဝယ်ယူနိုင်ပါသည်။ ကျေးရွာတွင်းရှိ နေအိမ်ခြံဝင်းများ သည် မွေးမြူရေးလုပ်နိုင်သော မြေနေရာ အကျယ်အဝန်းရှိပါသည်။ ကျေးရွာတွင် မြေလွတ်မြေရိုင်းများ ၊ ပလပ်မြေများမရှိသောကြောင့် တိရစ္ဆာန်စားကျက်မြေများ သီးသန့်မရှိခြင်းဖြစ်ပါသည်။

## (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

ကျေးရွာသည် မိုင်းဆတ်မြို့နယ်နှင့် (ဖြ)မိုင်ခန့်သာ ကွာဝေး၍ လမ်းပန်း ဆက်သွယ်ရေးကောင်းမွန်ပါသည်။ ၂၀၁၄-၂၀၁၅ခုနှစ်တွင် ကျေးလက်ဦးစီးဌာနမှ ဆိုလာမီး (၄၄)လုံး ထောက်ပံ့ပေးထားပါသည်။ကျေးရွာတွင် လုပ်သားအင်အား အသင့်အတင့်ရှိပါသည်။ ကျေးရွာသား အများစုသည် ပန်းရံ/ လက်သမားကျွမ်းကျင်မှုမှအပ အခြားသော အသက်မွေးဝမ်းကျောင်း လုပ်ငန်းများအတွက် ဈေးကွက်မရှိပါ။ချေးငွေရရှိနိုင်ရန် အရင်းအမြစ်များလက်လှမ်းမှီမှု မရှိပါ။

## (ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများ

မိုင်းဆတ်မြို့နယ်တစ်မြို့လုံးရှိကျေးရွာများတွင် လယ်ယာမြေပိုင်ဆိုင်မှု အပေါ်တွင် စိုက်စရိတ် ထုတ်ချေးပေးသော အခွင့်အလမ်းများ ယခုမရှိသေးပါ။ ချေးငွေချေးယူလိုသည့် အကြောင်းရင်းများမှာ ရိက္ခာ၊ ကျန်းမာရေး၊ ပညာရေးတို့အတွက် ချေးယူကြပြီး ကျေးရွာအတွင်း အရေးပေါ်ကိစ္စရပ်များနှင့် ကြုံတွေ့သည့်အချိန်တွင် ဆွေမျိုး၊ မိတ်ဆွေများမှ အတိုးနှုန်းကြီးစွာ ပေး၍ ချေးငှားရသည့်အတွက် ကာလရှည်ချေးငွေများ ထုတ်ချေးပေးရန် လိုအပ်နေပါသည်။ ကျေးရွာသားများအနေဖြင့် အခြား ဒေသများသို့ ငွေသွင်းငွေလွှဲပြုလုပ်နိုင်ရန် မိုင်းဆတ်မြို့ ပေါ်ရှိ မြန်မာ့စီးပွားရေးဘဏ်၊ KBZ ဘဏ်နှင့် wave money ၊ mobile banking စနစ်များဖြင့် ချိတ်ဆက်ဆောင်ရွက်နိုင်ပါသည်။

## ၅။ အခြေခံအဆောက်အဦ နှင့် ဝန်ဆောင်မှုများ

### (က) ကျေးလက် သယ်ယူပို့ဆောင်ရေး

ကျေးရွာတွင် ဆိုင်ကယ်စီးရေမှာ (၄၇)စီး၊ ထော်လာဂျီ (၂)စီး၊ စက်ဘီး (၁၉)စီးရှိပြီး သွားလာရန်နှင့် ကုန်စည်ပို့ဆောင်ရန်အတွက် မော်တော် ဆိုင်ကယ်ကို အများဆုံးအသုံးပြုပြီး ထော်လာဂျီနှင့် စက်ဘီးကို လည်း အနည်းငယ် အသုံးပြုကြ ပါသည်။

ကျေးရွာတွင် ကျေးရွာတွင်းလမ်းများသည် မြေသားလမ်းများဖြစ်ပြီး သွားလာရခက်ခဲခြင်း၊ လမ်းပျက်စီးခြင်းများ ဖြစ်ပေါ်နေပါသည်။ ထို့ကြောင့် ကျေးရွာတွင်းလမ်းများအား ကွန်ကရစ်လမ်းအဖြစ်သို့ အဆင့်မြှင့်တင်ရန် လိုအပ်နေပါသည်။ ကျွန်းတောကျေးရွာသည်

မိုင်းဆတ်-မိုင်းတုံသွား ကားလမ်းမဘေးတွင် တည်ရှိသောကြောင့် ကုန်စည်များကူးသန်း ရောင်းဝယ်မှု ပြုလုပ်ရန် အဆင်ပြေချောမွေ့ပါသည်။

### (ခ) ကျေးရွာ မီးလင်းရေး

ကျွန်းတောကျေးရွာတွင် ၂၀၁၄-၂၀၁၅ဘဏ္ဍာရေးနှစ်တွင် ကျေးက်ဦးစီးဌာနမှ ဆိုလာမီးလင်းရေးအတွက် အိမ်ခြေ(၅၃)အိမ်အား ပံ့ပိုးပေးထားပါသည်။ ဆိုလာမီး အသုံးမပြုနိုင်သည့် အိမ်ထောင်စုအများစုမှာ ဖယောင်းတိုင်မီးကို အသုံးပြုကြပါသည်။မဟာဓါတ်အားလိုင်းနှင့် (၆)မိုင်ခန့် ကွာဝေးသည့်အတွက် ရေအားလျှပ်စစ်ရရှိလာပါက ကျောင်းသားများ၏ ပညာရေး တိုးတက်လာစေမှုနှင့် ကျေးရွာအတွင်း အသေးစားစီးပွားရေးလုပ်ငန်းများ တိုးတက်လာစေမှုကို အထောက်အပံ့ဖြစ်စေပါမည်။

### (ဂ) သတင်းနှင့် ဆက်သွယ်ရေး

ကျေးရွာတွင် မိုဘိုင်းဖုန်း ဆက်သွယ်ရေးကို လက်လှမ်းမီစွာ အသုံးပြုနိုင်ကြသည်။အိမ်တိုင်းနီးပါးမျှ လက်ကိုင်ဖုန်းအသုံးပြုနေကြပြီဖြစ်သည်။ တစ်ရွာလုံး အတိုင်းအတာဖြင့် တယ်လီဖုန်းနှင့် သတင်းဆက်သွယ်ရေးမှာ အတော်အသင့် ကောင်းမွန်ကြောင်း တွေ့ရှိရပါသည်။ ဆက်သွယ်ရေးတာဝါတိုင်များနှင့် အလှမ်းကွာဝေးသည့်အတွက် အင်တာနက်လိုင်းမှာ အသုံးပြုရ နှေးပါသည်။လျှပ်စစ်မီးမရရှိသေးသည့်အတွက် ဖုန်းများကို အားသွင်းရန်အခက်အခဲရှိပြီး သတင်းများကို အချိန်မီ မသိရှိနိုင်သည့်အတွက် အခက်အခဲများလည်းရှိနေပါသည်။

## ၆။ ပညာရေး

ဘာသာစကားအခက်အခဲ၊ နယ်မြေဒေသသည် ပြည်မနှင့် ဝေးကွာလွန်းခြင်းတို့ကြောင့်ကျေးရွာရှိသက်ကြီးရွယ်အိုအများစုမှာ အတန်းပညာများ တတ်မြောက်ခြင်း မရှိကြပေ။ကျေးရွာတွင် ၅နှစ်မှ ၉နှစ်ရှိ မူလတန်းကျောင်းနေအရွယ် (၅၅)ဦးရှိသော်လည်း လက်ရှိပညာသင်ကြားနေသော မူလတန်းကျောင်းသားမှာ (၆၃)ဦးရှိပါသည်။ တစ်ချို့သော မူလတန်းကျောင်းသားသည် ၉နှစ် ကျော် သည်အထိ မူလတန်းပညာကို သင်ယူရသောကြောင့် ဖြစ်ပါသည်။ကျေးရွာတွင် စာသင်ကျောင်း ဆောင် (၂)ဆောင်ရှိပါသည်။ ၂၀၁၉-၂၀၂၀ပညာသင်နှစ်တွင် ကျောင်းသားဦးရေ ကျား (၅၀)+ မ (၆၅)ဦးရှိပြီး ဆရာ /ဆရာမ (၅)ဦးရှိ သည်။ ကျောင်းတွင် ပရိဘောဂပစ္စည်းများ လုံလောက်မှုရှိ ပါသည်။ ကျောင်းဆရာမဦးရေနှင့် ကျောင်းသားဦးရေအချိုးမှာ လုံလောက်မှုရှိပါသည်။ ခေတ်မီ အားကစား ပစ္စည်းများ လက်လှမ်းမီမှုမရှိပါ။

## ၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

ကျွန်းတောကျေးရွာတွင် ကျန်းမာရေးဌာနခွဲများ မရှိပါ။ ကျေးရွာတွင် ဆေးဆိုင်များလည်းမရှိပါ။ ကျေးရွာနှင့် ၃မိုင်အကွာ မယ်နင်ကျေးရွာတွင် ကျေးလက်ကျန်းမာရေး ဌာနရှိပြီး သာမန်ဖျားနာခြင်းများအတွက် သွားရောက် ကုသကြပါသည်။ အရေးပေါ်ကိစ္စများတွင် ရွာနှင့် ဖမိုင်အကွာ မိုင်းဆတ်မြို့နယ် ပြည်သူ့ဆေးရုံ၌ ကုသကြပါသည်။ သောက်သုံးရေကို ရွာနှင့် (၁)မိုင်အကွာမှ သွယ်တန်းထားသော စိမ့်စမ်းရေကို အသုံးပြုပါသည်။နွေရာသီတွင် သောက်သုံးရေ အနည်းငယ်လုံလောက်မှုမရှိပါ။ ကျေးရွာတွင် ယင်လုံ အိမ်သာသုံးစွဲသူအိမ်ထောင်စု (၅၀)ရှိပြီး တွင်း အိမ်သာသုံးစွဲသူ(၁၅)အိမ်ထောင်စုရှိပါသည်။ကျေးရွာတွင် ကျန်းမာရေးအသိပညာပေးဆိုင်ရာ ဟော ပြောပွဲများ ပြုလုပ်ပေးရန် လိုအပ်ပါသည်။

## ၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျေးရွာဝန်းကျင်ရှိ မယ်ဆွမ်ချောင်း၊ ဂေါ်ရှည်ချောင်း၊ ပါးစပ်ချောင်းများတွင် သဲ၊ ကျောက်စရစ်များ အသင့်အတင့်ထုတ်ယူရရှိနိုင်ပါသည်။ ကျေးရွာ၏ အနောက်ဖက်တွင်ရှိသော တောင်တန်းသည် သဘာဝပေါက်ပင်များ ပေါက်ရောက်ပြီး ကျေးရွာလူထုအတွက် ထင်း၊ ဝါး၊ သက်ကယ်၊ ကျွန်း၊ ဆေးဖက်ဝင်အပင်များရရှိပါသည်။ စိမ့်စမ်းရေသွယ်ယူသည့်နေရာသည် ရွာနှင့် (၁)မိုင် ခန့်ကွာဝေးပါသည်။ စိမ့်စမ်းရေသည် နွေရာသီတွင် အနည်းငယ် ခမ်းခြောက်မှုရှိသောကြောင့် သောက်သုံးရေအနည်းငယ်ဖူလုံမှုမရှိပါ။ စားကျက်မြေမရှိသောကြောင့် တိရစ္ဆာန်များကို လွှတ်ကျောင်းစနစ်ဖြင့် မွေးမြူကြပါသည်။ သဘာဝတိရစ္ဆာန်မျိုးစိတ်များဖြစ်သော တောဝက်၊ ချေ၊ တောကြက်၊ မြွေအမျိုးမျိုးနှင့် အခြားဆေးဖက်ဝင်အပင်များလည်း တွေ့ရှိရပါသည်။

ကျေးရွာတွင် ဆင်းရဲ၍ မိသားစုများသည် အမျိုးသမီးဦးဆောင်သော အိမ်ထောင်စု(၂)စု၊ ဆင်းရဲ၍ မိသားစုဦးရေများသည့် မိုဆိုးဖိုး/တစ်ခုလပ်အိမ်ထောင်စု(၁)စု ရှိပါသည်။ မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို (၂)ဦး ရှိပါသည်။ စိုက်ပျိုးရေအဖြစ် မိုးရေကိုသာ အားထားနေရပါသည်။ ထို့ကြောင့် စိုက်ပျိုးရေးလုပ်ငန်းများကို အကောင်အထည် မဖော်နိုင်ပါ။ ဓါတုဓါတ်မြေဩဇာနှင့် ပိုးသတ်ဆေး များကို အလွန်အကျွံသုံးစွဲမှုကြောင့် မြေဆီ လွှာများ တဖြည်းဖြည်းပျက်စီးလာပါသည်။ ကျွဲ၊ နွားများ တွင် ခွာနာ၊ လျှာနာရောဂါနှင့် ဝက်နား ရွက်ပြာရောဂါများအား ကာကွယ်ဆေးထိုးသော်လည်း အမြစ်ပြတ်ခြင်းမရှိပါ။

ကျေးရွာတွင် မူးယစ်ဆေးဝါးအန္တရာယ်မှာ လူငယ်ထုအတွက် စိန်ခေါ်မှု တစ်ရပ်ဖြစ် ပါသည်။ လူငယ်များသာမက အရွယ်ရောက်ပြီးသူ အမျိုးသား/ အမျိုးသမီးများအတွက်ပါ နောက် ဆက်တွဲဆိုးကျိုးများ ကြုံတွေ့နေရပါသည်။ မူးယစ်ဆေးသုံး စွဲသူလူငယ် အချို့ရှိပြီး ကျေးရွာ

သားအားလုံး မူးယစ်ဆေးဝါးအန္တရာယ်မှ ကင်းဝေး လိုစိတ်ရှိကြပါသည်။ ဆင်းရဲသား တောင်သူများသည်လည်း ပုံမှန်ဝင်ငွေမရရှိသောကြောင့် လက်လုပ်မီရာကျပန်းလုပ်ငန်းများကို လုပ်ကိုင်ကြပါသည်။ ကျေးရွာတွင် လားဟူလူမျိုးများ အများဆုံးနေထိုင်ကြပါသည်။ကျေးရွာတွင် ဓါတုပိုးသတ်ဆေးနှင့် ပေါင်းသတ်ဆေးကို အလွန်အကျွံသုံးစွဲမှုကြောင့် မြေဆီမြေသြဇာနှင့် အပင်မျိုးစိတ်များ ထိခိုက်မှုရှိပါသည်။ ရွှေ့ပြောင်းတောင်ယာစနစ်ကြောင့် သစ်တောများ ပြုန်းတီးလာပြီး ရေအရင်းအမြစ်များ ခန်းခြောက်လာကာ တိရစ္ဆာန်များစိတ်များတဖြည်းဖြည်းလျော့နည်းလာသည်။

## ၉။ ကျား-မရေးရာ ကိစ္စရပ်ဆိုင်ရာများ

ကျွန်းတောကျေးရွာတွင် (၅-၂-၂၀၁၉)ရက်နေ့ လူဦးရေဆိုင်ရာအချက် အလက်များ စစ်တမ်းကောက်ယူမှုအရ ၁၅နှစ်အထက်မှ ၆၄နှစ်အထိ အလုပ်လုပ်နိုင်သည့်အရွယ် (၁၈၂)ယောက်ရှိပြီး (၅၃.၀၆%)ရှိပါသည်။ ၆၄နှစ်နှင့်အထက် သက်ကြီးရွယ်အိုနှင့် (၁၅)နှစ်အောက် မှီခိုသူ လူဦးရေစုစုပေါင်း (၄၆.၉၄%)ရှိပါသည်။ အိမ်ထောင်စု(၆၅)စုရှိပြီး တစ်အိမ်ထောင်၏ ပျှမ်းမျှလူဦးရေ (၅)ဦးဖြစ်သောကြောင့် မြန်မာနိုင်ငံ၏ သတ်မှတ်ထားသော တစ်အိမ်ထောင်စု ပျှမ်းမျှ လူဦးရေ(၅)ယောက်နှုန်းနှင့် ထပ်တူကျပါသည်။ ကျေးရွာတွင် အလုပ်လုပ်ကိုင်နိုင်သည့် အရွယ်ဖြစ်သော ၁၅နှစ်မှ ၆၄နှစ်အကြား များပြားသောကြောင့် ကျေးရွာတွင် လူသားအရင်း အမြစ်အားသာချက်ရှိပါသည်။ ကျေးရွာတွင် အမျိုးသားနှင့် အမျိုးသမီး ဦးရေအချိုးမှာ အနီးစပ်ဆုံး တူညီမှုရှိပါသည်။

လုပ်အားခနှုန်းထားများအနေဖြင့် ကျားမအလိုက် ကွာခြားမှုမရှိပါ။ ပန်းရံလုပ်ငန်းတွင် အမျိုးသားတံလျှပ်ကိုင် (၁၀၀၀၀)ကျပ်ရရှိချိန်တွင် အမျိုးသမီး မဆလာသယ်သည် (၆၀၀၀)ကျပ်သာရရှိပါသည်။ ကျေးရွာတွင် စိုက်ပျိုး/မွေးမြူရေးမှအပ အခြားဝင် ငွေရ လုပ်ငန်းများ များစွာမရှိပါ။

ဘာသာစကားအခက်အခဲ၊ နယ်မြေဒေသသည် ပြည်မနှင့် ဝေးကွာလွန်းခြင်းတို့ကြောင့် ကျေးရွာရှိသက်ကြီးရွယ်အိုအများစုမှာ အတန်းပညာများ တတ်မြောက်ခြင်း မရှိကြပေ။ကျေးရွာတွင် ၅နှစ်မှ ၉နှစ်ရှိ မူလတန်းကျောင်းနေအရွယ် (၅၅)ဦးရှိသော်လည်း လက်ရှိပညာသင်ကြားနေသော မူလတန်းကျောင်းသားမှာ (၆၃)ဦးရှိပါသည်။ တစ်ချို့သော မူလတန်းကျောင်းသားသည် ၉နှစ် ကျော်သည်အထိ မူလတန်းပညာကို သင်ယူရသောကြောင့် ဖြစ်ပါသည်။ ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဆောင်ရွက်ရာ၌ အမျိုးသမီးများမှ တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြပါသည်။

နောက်ဆက်တွဲ(၁)

## ကျွန်းတောကျေးရွာ၊ ကျတီကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးရှဲတီး | ဦးကျမူး | ၁၃/မဆန(နိုင်)၀၁၆၅၂၃ | ၅၈ | ဥက္ကဋ္ဌ | ၀၉-၄၅၇၂၄၁၀၆၅ |
| ၂ | ဦးဖိုးစော | ဦးကျခူ | ၁၃/မဆန(နိုင်)၀၁၉၈၅၁ | ၄၀ | အဖွဲ့ဝင် | ၀၉-၉၅၈၀၃၅၁၁၁ |
| ၃ | ဦးရှေလေး | ဦးကျလော | ၁၃/မဆန(နိုင်)၀၄၆၀၃၀ | ၂၁ | အဖွဲ့ဝင် | ၀၉-၄၅၅၄၈၄၆၁၂ |
| ၄ | ဦးရှီးမွန် | ဦးကျရှော | ၁၃/မဆန(နိုင်)၀၂၅၉၅၃ | ၄၈ | အတွင်းရေးမှူး | ၀၉-၄၅၄၆၂၇၇၈၈ |
| ၅ | ဒေါ်မာလိ | ဦးအဲရှဲ | ၁၃/မဆန(နိုင်)၀၀၀၁၈၇ | ၄၄ | အဖွဲ့ဝင် | ၀၉-၈၉၅၄၀၈၇၉၀ |
| ၆ | ဒေါ်နာထီး | ဦးကျဟား | ၁၃/မဆန(နိုင်)၀၄၆၀၄၀ | ၂၀ | စာရင်းကိုင် | - |
| ၇ | ဒေါ်ဂျူးမေ | ဦးအီးကျ | ၁၃/မဆန(နိုင်)၀၂၉၄၄၂ | ၂၂ | စာရင်းစစ် | ၀၉-၄၄၃၉၆၇၂၅၉ |
| ၈ | | | | | | |
| ၉ | | | | | | |

**ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ**

**(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ**

**(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

**ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၇ | ၈ | ၁၅ |
| ၁ နှစ်မှ ၄ နှစ် | ၅နှစ်အောက်ကလေးငယ် | ၂၂ | ၂၁ | ၄၃ |
| ၅ နှစ်မှ ၉ နှစ် | မူလတန်းကျောင်းသားအရွယ် | ၂၆ | ၂၉ | ၅၅ |
| ၁၀ နှစ်မှ ၁၄ နှစ် | အလယ်တန်းကျောင်းသားအရွယ် | ၂၃ | ၁၇ | ၄၀ |
| ၁၅ နှစ်မှ ၆၄ နှစ် | အလုပ်လုပ်နိုင်သည့်အရွယ် | ၈၇ | ၉၅ | ၁၈၂ |
| ၆၅ နှစ်နှင့် အထက် | သက်ကြီးရွယ်ကြီး | ၅ | ၃ | ၈ |
| **စုစုပေါင်း** | | ၁၇၀ | ၁၇၃ | ၃၄၃ |
| **စုစုပေါင်း အိမ်ထောင်စု** | | | | ၆၅ |

**ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာမွေးကင်းစမှအသက် (၁) နှစ်မပြည့်မီအရွယ်၊၁နှစ်မှ၄နှစ်ဆိုသည်မှာအသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊၅နှစ်မှ၉နှစ်ဆိုသည်မှာအသက် (၅) နှစ်ပြည့်သည်မှအသက် (၁၀) နှစ်မပြည့်မီအရွယ်၊၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅) နှစ်မပြည့်မီအရွယ်၊၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာအသက် (၁၅)နှစ်ပြည့်သည်မှအသက် (၆၅) နှစ်မပြည့်မီအရွယ်၊အသက်၆၅နှစ်နှင့်အထက်ဆိုသည်မှာအသက် (၆၅) နှစ်ပြည့်အရွယ်နှင့်၎င်းထက်အသက်ကြီးသည့်အရွယ်များကိုဆိုလိုသည်။**

လေ့လာတွေ့ရှိချက်။ ကျွန်းတောကျေးရွာတွင် (၅-၂-၂၀၁၉)ရက်နေ့ လူဦးရေဆိုင်ရာအချက် အလက်များ စစ်တမ်းကောက်ယူမှုအရ ၁၅နှစ်အထက်မှ ၆၄နှစ်အထိ အလုပ်လုပ်နိုင်သည့်အရွယ် (၁၈၂)ယောက်ရှိပြီး (၅၃.၀၆%)ရှိပါသည်။ ၆၄နှစ်နှင့်အထက် သက်ကြီးရွယ်အိုနှင့် (၁၅)နှစ်အောက် မှီခိုသူ လူဦးရေစုစုပေါင်း (၄၆.၉၄%)ရှိပါသည်။ အိမ်ထောင်စု(၆၅)စုရှိပြီး တစ်အိမ်ထောင်၏ ပျှမ်းမျှလူဦးရေ (၅)ဦးဖြစ်သောကြောင့် မြန်မာနိုင်ငံ၏ သတ်မှတ်ထားသော တစ်အိမ်ထောင်စု ပျှမ်းမျှလူဦးရေ(၅)ယောက်နှုန်းနှင့် ထပ်တူကျပါသည်။ ကျေးရွာတွင် အလုပ်လုပ်ကိုင်နိုင်သည့် အရွယ်ဖြစ်သော ၁၅နှစ်မှ ၆၄နှစ်အကြား များပြားသောကြောင့် ကျေးရွာတွင် လူသားအရင်း အမြစ်အားသာချက်ရှိပါသည်။ကျေးရွာတွင် အမျိုးသားနှင့် အမျိုးသမီး ဦးရေအချိုးမှာ အနီးစပ်ဆုံး တူညီမှုရှိပါသည်။

**(ခ)အလုပ်လုပ်နိုင်သူ အင်အား**

**(ခ-၁)လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား**

**ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား**

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | | |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၆၃ | ၁၀၂ | ၁၃ | မြင့် □လတ် ✔ နိမ့်□ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့်□လတ်□နိမ့်□ |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် □□□□လတ် □□□□နိမ့် □ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် □□□□လတ် □□□□နိမ့် □ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| ၄ | သစ်တောလုပ်ငန်း | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁ | ၁ | ၀ | မြင့် ☐ လတ် ☐ နိမ့် ✔ |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၁ | **လက်လီ- လက်ကား ရောင်းဝယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၂ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၃ | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| ၁၄ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| ၁၅ | **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| ၁၆ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| ၁၇ | **ပညာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| ၁၈ | **ကျန်းမာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၁ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | ☒ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| | စုစုပေါင်း | | | | ☒ |

**ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် အိမ်ခြေစုစုပေါင်း (၆၅)အိမ်ရှိသည့်အနက် အိမ်ခြေ(၆၃)အိမ်မှ စိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြသောကြောင့် ကျွန်းတောကျေးရွာသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုသော ကျေးရွာဖြစ်ပါသည်။ ဒုတိယဝင်ငွေရလုပ်ငန်းများ အနေဖြင့် မွေးမြူရေးတစ်ပိုင်တစ်နိုင်မွေးမြူခြင်း၊ ကုန်စုံဆိုင်သေးများ ဖွင့်လှစ်ရောင်းချခြင်း များဖြစ်ပါသည်။

**(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခန့်မှန်းထား**

**ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခန့်မှန်းထား**

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၅၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၅၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | ၀ | ၀ | ၀ | ၀ |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း) | နေ့စား | ၀ | ၀ | ၀ | ၀ |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များထုတ်လုပ်ခြင်း | နေ့စား | ၀ | ၀ | ၀ | ၀ |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | ၀ | ၀ | ၀ | ၀ |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၁၀၀၀၀ | ၆၀၀၀ | ၁၀၀၀၀ | ၆၀၀၀ |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | ၀ | ၀ | ၀ | ၀ |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | ၀ | ၀ | ၀ | ၀ |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | နေ့စား | ၀ | ၀ | ၀ | ၀ |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း | နေ့စား | ၀ | ၀ | ၀ | ၀ |

**ရင်းမြစ်…ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။**

**မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ** = (လစာ÷၂၂.၇၅)

**(၂) နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)**

လေ့လာတွေ့ရှိချက်။ လုပ်အားခနှုန်းထားများအနေဖြင့် ကျားမအလိုက် ကွာခြားမှုမရှိပါ။ ပန်းရံလုပ်ငန်းတွင် အမျိုးသားတံလျှပ်ကိုင် (၁၀၀၀၀)ကျပ်ရရှိချိန်တွင် အမျိုးသမီး မဆလာသယ်သည် (၆၀၀၀)ကျပ် သာရရှိပါသည်။ ကျေးရွာတွင် စိုက်ပျိုး/မွေးမြူရေးမှအပ အခြားဝင် ငွေရ လုပ်ငန်းများ များစွာမရှိပါ။

**(ဂ) သဘာဝရင်းမြစ်များ**

**(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ**

**ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု**

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာအရည်အသွေး (မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်) |
|---|---|---|
| လယ်မြေ | ၃၀.၀၀ | ကောင်း ☐သင့် ✔ ညံ့ ☐ |
| ယာမြေ / တောင်ယာမြေ | ၁၃၇.၅၀ | ကောင်း ☐ သင့်✔ ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | ၀.၀၀ | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ကိုင်း/ ကျွန်းမြေ | ၀.၀၀ | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ဓနိတောမြေ | ၀.၀၀ | ကောင်း ☐ သင့်☐ ညံ့ ☐ |
| စားကျက်မြေ | ၀.၀၀ | ကောင်း ☐ သင့်☐ညံ့ ☐ |
| မြေလွတ်မြေလပ် | ၀.၀၀ | ကောင်း ☐ သင့်☐ ညံ့ ☐ |
| **စုစုပေါင်း** | ၁၆၇.၅ | ☒ |

**ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။။မြေလွတ်မြေလပ်ဆိုသည်မှာယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီးအကြောင်းအမျိုးမျိုးကြောင့်စွန့်လွှတ်ထားသည့်သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့်မြေနှင့်နိုင်ငံတော်ကသီးသန့်လျာထားသတ်မှတ်သည့်မြေများကိုဆိုသည်။**

လေ့လာတွေ့ရှိချက်။ ကျေးရွာတွင် လယ်မြေကေ စုစုပေါင်း (၁၆၇.၅)ကေရှိသော်လည်း လယ်မြေများအားလုံးနီးပါး ပုံစံ(၇)မရကြသေးပါ။မိရိုးဖလာရွှေ့ပြောင်းတောင်ယာစနစ်ကို လုပ်ကိုင်ကြသူများလည်းရှိပြီး ဧရိယာကေ အတိအကျသတ်မှတ်ရန် ခဲရင်းပါသည်။ စားကျက်မြေအဖြစ် တိတိကျကျ သတ်မှတ်ထားခြင်းမရှိဘဲ လွတ်ကျောင်းစနစ်ဖြင့်သာ မွေးမြူကြပါသည်။

## (၈-၂) ခာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

**ဇယား (၅) ခာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ**

| အမျိုးအစား | ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်) | အသုံးချနိုင်မှု (မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်) |
|---|---|---|
| သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ခာတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။) | များ☐☐☐☐ သင့် နည်း☐☐ မရှိ ✔ | လွယ်☐☐ခက်☐ အသုံးမပြုနိုင်ပါ ✔ |
| ကျောက်၊သဲ၊ကျောက်စရစ်စသည်များ | များ☐☐☐☐ သင့် ✔ နည်း☐☐ မရှိ☐☐ | လွယ် ✔ ခက်☐ အသုံးမပြုနိုင်ပါ ☐ |
| သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ) | များ☐☐☐☐ သင့် ✔ နည်း☐☐ မရှိ☐☐ | လွယ် ✔ ခက်☐အသုံးမပြုနိုင်ပါ☐ |
| သဘာဝတိရစ္ဆာန်မျိုးစိတ်များ | များ☐☐☐☐ သင့် ✔ နည်း☐☐ မရှိ☐☐ | ☒ |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။**

လေ့လာတွေ့ရှိချက်။ ကျေးရွာဝန်းကျင်ရှိ မယ်ဆွမ်ချောင်း၊ ဂေါ်ရှည်ချောင်း၊ ပါးစပ်ချောင်းများတွင် သဲ၊ ကျောက်စရစ်များ အသင့်အတင့်ထုတ်ယူရရှိနိုင်ပါသည်။ ကျေးရွာ၏ အနောက်ဖက်တွင်ရှိသော တောင်တန်းသည် သဘာဝပေါက်ပင်များ ပေါက်ရောက်ပြီး ကျေးရွာလူထုအတွက် ထင်း၊ ဝါး၊ သက်ကယ်၊ ကျွန်း၊ ဆေးဖက်ဝင်အပင်များရရှိပါသည်။ စိမ့်စမ်းရေသွယ်ယူသည့်နေရာသည် ရွာနှင့် (၁)မိုင်ခန့်ကွာဝေးပါသည်။ စိမ့်စမ်းရေသည် နွေရာသီတွင် အနည်းငယ်ခမ်းခြောက်မှုရှိသောကြောင့် သောက်သုံးရေ အနည်းငယ်ဖူလုံမှုမရှိပါ။ စားကျက်မြေမရှိသောကြောင့် တိရစ္ဆာန်များကို လွတ်ကျောင်းစနစ်ဖြင့် မွေးမြူကြပါသည်။

သဘာဝတိရစ္ဆာန်မျိုးစိတ်များဖြစ်သော တောဝက်၊ ချေ၊ တောကြက်၊ မြွေအမျိုးမျိုးနှင့် အခြား ဆေးဖက်ဝင်အပင်များလည်း တွေ့ရှိရပါသည်။

**(ဃ)ဥစ္စာဓနအဆင့် အခြေအနေ**

**ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ**

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည်သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | အလွန်နည်း (သို့) မရှိ |
| အိမ်အခြေအနေ | အလွန်ကောင်း | အသင့်အတင့်ကောင်း | ညံ့ | အလွန်ညံ့ |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | မရှိ |
| အဓိကစီးပွားရေးလုပ်ငန်း | စီးပွား (ဝင်ငွေ) အလွန်ကောင်း | စီးပွား (ဝင်ငွေ) အသင့်အတင့် | စီးပွား (ဝင်ငွေ) နည်း | စီးပွား (ဝင်ငွေ) အလွန်နည်း |
| အိမ်ထောင်စု | ၁၂ | ၁၉ | ၃၄ | ၄ |

**ရင်းမြစ်... (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။**

လေ့လာတွေ့ရှိချက်။ ကျေးရွာတွင် အဆင်ပြေသော အိမ်ထောင်စု (၁၂)အိမ်ရှိပြီး အဆောက်အဦးမှာ တိုက်ပုအများစုဖြစ်ပါသည်။ အလယ်အလတ်အိမ်ထောင်စုမှာ အနည်းစုဖြစ်ပြီး မပြေလည်သော အိမ်ထောင်စုမှာ အများစုဖြစ်ပါသည်။ အလွန်ဆင်းရဲသော အိမ်ထောင်စု(၄)အိမ်ခန့်ရှိပါသည်။

**(င)　　ထိခိုက်လွယ်မှု**

**(င-၁) ဝမ်းစာ ဖူလုံမှု**

**ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာ ခနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)**

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်) |
|---|---|---|
| ၃လအောက်ဝမ်းစာ ဖူလုံမှု | ၀ | အခြားအစာပြောင်းလဲစား = ၀<br>အစာလျှော့စား = ၀<br>အထောက်အပံ့ယူ = ၀<br>ချေးယူ = ၀<br>လုပ်အားခကြိုယူ = ၀ |
| ၃လနှင့်၆လကြားဝမ်းစာဖူလုံမှု | ၀ | အခြားအစာပြောင်းလဲစား = ၀<br>အစာလျှော့စား = ၀<br>အထောက်အပံ့ယူ = ၀<br>ချေးယူ = ၀<br>လုပ်အားခကြိုယူ = ၀ |
| ၆လမှ၁၂လအထိဝမ်းစာဖူလုံမှု | ၀ | အခြားအစာပြောင်းလဲစား = ၀<br>အစာလျှော့စား = ၀<br>အထောက်အပံ့ယူ = ၀<br>ချေးယူ = ၀<br>လုပ်အားခကြိုယူ = ၀ |

**ရင်းမြစ်..ဥစ္စာခနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။**

လေ့လာတွေ့ရှိချက်။　　။လေ့လာတွေ့ရှိချက် -

**(င-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ**

**ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ**

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အိုဖိုင့်နှစ်နှင့်အထက် | ဝ | ၂ | ၂ |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ် | ဝ | ဝ | ဝ |
| | **အိမ်ထောင်စုအရေအတွက်** | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု | ၂ | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု | ၁ | | |
| အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့်ဆင်းရဲသည့်အိမ်ထောင်စု | ဝ | | |

**ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။**

လေ့လာတွေ့ရှိချက်။ကျေးရွာတွင် ဆင်းရဲ၍ မိသားစုများသည် အမျိုးသမီးဦးဆောင်သော အိမ်ထောင်စု(၂)စု၊ ဆင်းရဲ၍ မိသားစုဦးရေများသည့် မိုဆိုးဖိုး/တစ်ခုလပ်အိမ်ထောင်စု(၁)စု ရှိပါသည်။ မိသားစုစောင့်ရှောက်မှု မရှိသော သက်ကြီးရွယ်အို (၂)ဦး ရှိပါသည်။

## (င-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

**ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ**

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား(အခြေအနေ) | ထိခိုက်လွယ်မှု(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|
| ၁ | စားနပ်ရိက္ခာမဖူလုံမှု | မြင့်☐လတ်☐နိမ့် ✔ မရှိ☐ |
| ၂ | သဘာဝရင်းမြစ်ရှားပါးမှု (မြေ၊စိုက်ပျိုးရေ) | မြင့်☐လတ် ✔ နိမ့်☐မရှိ☐ |
| ၃ | ရေကြီးခြင်း | မြင့်☐လတ်☐နိမ့်☐မရှိ ✔ |
| ၄ | မိုးခေါင်ခြင်း | မြင့်☐လတ်☐နိမ့် ✔ မရှိ☐ |
| ၅ | အအေးလွန်ကဲခြင်း | မြင့်☐လတ်☐နိမ့်☐မရှိ ✔ |
| ၆ | မုန်တိုင်း | မြင့်☐လတ်☐နိမ့်☐မရှိ ✔ |
| ၇ | ငလျင် | မြင့်☐လတ်☐နိမ့် ✔ မရှိ☐ |
| ၈ | မီးဘေး | မြင့်☐လတ်☐နိမ့် ✔ မရှိ☐ |
| ၉ | ဆားငန်ရေဝင်မြေ | မြင့်☐လတ်☐နိမ့်☐မရှိ ✔ |
| ၁၀ | မြေပြိုခြင်း၊မြေဆီလွှာပျက်ယွင်းမှု | မြင့်☐လတ်☐နိမ့်☐မရှိ ✔ |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မြင့် ✔ လတ်☐နိမ့်☐မရှိ☐ |
| ၁၂ | ငှက်ဖျားရောဂါ | မြင့်☐လတ် ✔ နိမ့်☐မရှိ☐ |
| ၁၃ | တီဘီရောဂါ | မြင့်☐လတ် ✔ နိမ့်☐မရှိ☐ |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | မြင့်☐လတ်☐နိမ့်☐မရှိ ✔ |
| ၁၅ | ပြည်တွင်းပဋိပက္ခ | မြင့်☐လတ်☐နိမ့်☐မရှိ ✔ |
| ၁၆ | တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု | မြင့်☐လတ်☐နိမ့်☐မရှိ ✔ |
| ၁၇ | လူကုန်ကူးခြင်း | မြင့်☐လတ်☐နိမ့်☐မရှိ ✔ |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲစသည် | မြင့်☐လတ်☐နိမ့် ✔ မရှိ ☐ |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။။ ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ ကျေးရွာတွင် စားနပ်ရိက္ခာမဖူလုံခြင်း၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်းစသည့်အခြေအနေများ ဖြစ်ပေါ်ခြင်းရှိပါက ယင်းဖြစ်စဉ်များအတွက် ကျေးရွာသူရွာသားများ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက ကျေးရွာ၏ မည်သို့သော အိမ်ထောင်စုများနှင့် အိမ်ထောင်စုမည်မျှ ထိခိုက်သက်ရောက်မှု ခံစားကြရပါသလဲ။ (ဥပမာ။ ။

အိမ်ထောင်စု ၁၀၀ တွင် ၂၅ အိမ်ထောင်စု အောက် – နိမ့်

အိမ်ထောင်စု ၁၀၀ တွင် ၂၅ မှ ၅၀ အိမ်ထောင်စု – လတ်

အိမ်ထောင်စု ၁၀၀ တွင် ၅၀ အိမ်ထောင်စု အထက် – မြင့်)

လေ့လာတွေ့ရှိချက်။ စိုက်ပျိုးရေအဖြစ် မိုးရေကိုသာ အားထားနေရပါသည်။ ထို့ကြောင့် စိုက်ပျိုးရေးလုပ်ငန်းများကို အကောင်အထည်မဖော်နိုင်ပါ။ ဓါတုဓါတ်မြေဩဇာနှင့် ပိုးသတ်ဆေး များကို အလွန်အကျွံသုံးစွဲမှုကြောင့် မြေဆီလွှာများ တဖြည်းဖြည်းပျက်စီးလာပါသည်။ ကျွဲ၊ နွားများ တွင် ခွာနာ၊ လျှာနာရောဂါနှင့် ဝက်နားရွက်ပြာရောဂါများအား ကာကွယ်ဆေးထိုးသော်လည်း အမြစ်ပြတ်ခြင်းမရှိပါ။

## (၈-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

**ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ**

| စဉ် | ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု<br>(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|
| ၁ | လူငယ် | မြင့် ✔ လတ် နိမ့် မရှိ |
| ၂ | အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့်အိမ်ထောင်စု | မြင့် လတ် ✔ နိမ့် မရှိ |
| ၃ | မြေယာမဲ့၊ဆင်းရဲသားတောင်သူ | မြင့် လတ် နိမ့် ✔ မရှိ |
| ၄ | သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင်သောအိမ်ထောင်စု/<br>ကူးစက်ရောဂါထူပြောသောဒေသတွင်နေထိုင်သူ | မြင့် လတ် နိမ့် မရှိ ✔ |
| ၅ | မြစ်ကမ်းဘေးနေထိုင်သူများ | မြင့် လတ် နိမ့် မရှိ ✔ |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများသောနေရာ(Prone to accident)တွင်နေထိုင်သူများ | မြင့် လတ် နိမ့် မရှိ ✔ |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ(IDP) | မြင့် လတ် နိမ့် မရှိ ✔ |
| ၈ | မြေနိမ့်ပိုင်းနေထိုင်သူများ | မြင့် လတ် နိမ့် မရှိ ✔ |
| ၉ | ငါးကန်ပိုင်ရှင်များ | မြင့် လတ် နိမ့် မရှိ ✔ |
| ၁၀ | လက်လုပ်လက်စားများ၊ကျပန်းများ | မြင့် လတ် နိမ့် ✔ မရှိ |
| ၁၁ | လူနည်းစုလူမျိုးများ | မြင့် လတ် နိမ့် ✔ မရှိ |
| ၁၂ | ဒေသတွင်းပဋိပက္ခဧရိယာတွင်နေထိုင်သူများ | မြင့် လတ် နိမ့် မရှိ ✔ |
| ၁၃ | နယ်စပ်ဒေသတွင်နေထိုင်သူများ | မြင့် လတ် နိမ့် မရှိ ✔ |
| ၁၄ | ရွှေတွင်းလုပ်သားများ | မြင့် လတ် နိမ့် မရှိ ✔ |
| ၁၅ | ဆေးစွဲသူများ | မြင့် ✔ လတ် နိမ့် မရှိ |
| ၁၆ | ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ | မြင့် လတ် နိမ့် မရှိ ✔ |

| စဉ် | ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု<br>(မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်) |
|---|---|---|
| ၁၇ | လှည့်လည်သွားလာ၍ဈေးရောင်းသူများ | မြင့် လတ် နိမ့် မရှိ ✔ |
| ၁၈ | နေရပ်ပြန်အခြေချသူများ | မြင့် လတ် နိမ့် မရှိ ✔ |
| ၁၉ | ရွှေ့ပြောင်းလုပ်သားများ | မြင့် လတ် နိမ့် မရှိ ✔ |
| ၂၀ | ကားမောင်းပြီးအသက်မွေးသူများ | မြင့် လတ် နိမ့် မရှိ ✔ |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။။ ကျေးရွာရှိ လူငယ်များ၊ အမျိုးသမီးဦးဆောင်သောအိမ်ထောင်စုများ စသည်တို့သည် မည်သို့သောအခြေအနေများတွင် လွယ်လွယ်ကူကူ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက မည်မျှအထိ ထိခိုက်ကြပါသနည်း။

လေ့လာတွေ့ရှိချက်။ ကျေးရွာတွင် မူးယစ်ဆေးဝါးအန္တရာယ်မှာ လူငယ်ထုအတွက် စိန်ခေါ်မှုတစ်ရပ်ဖြစ်ပါသည်။ လူငယ်များသာမက အရွယ်ရောက်ပြီးသူ အမျိုးသား/ အမျိုးသမီးများအတွက်ပါ နောက်ဆက်တွဲ ဆိုးကျိုးများ ကြုံတွေ့နေရပါသည်။ မူးယစ်ဆေးသုံး စွဲသူလူငယ် အချို့ရှိပြီး ကျေးရွာသားအားလုံး မူးယစ်ဆေးဝါးအန္တရာယ်မှ ကင်းဝေး လိုစိတ်ရှိကြပါသည်။ ဆင်းရဲသားတောင်သူများသည်လည်း ပုံမှန်ဝင်ငွေမရရှိသောကြောင့် လက်လုပ်မီးရာကျပန်းလုပ်ငန်းများကို လုပ်ကိုင်ကြပါသည်။ ကျေးရွာတွင် လားဟူလူမျိုးများ အများဆုံးနေထိုင်ကြပါသည်။

(၂)ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က)ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁)ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| **စဉ်** | **အဖွဲ့အစည်းအမည်** | **အမျိုးအစား**(မှန်ရာတစ်ခုကိုသာရွေးရန်) | **အဖွဲ့ဝင်ဦးရေ** | | | **လုပ်ငန်းတာဝန်**<br>(အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။) | **စွမ်းဆောင်နိုင်မှု**(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | **ကျား** | **မ** | **ပေါင်း** | | |
| ၁ | ကျောင်းကော်မတီအဖွဲ့ | ၁ ☐<br>၂ ✔<br>၃ ☐ | ၄ | ၅ | ၉ | ပညာရေး ✔<br>ငွေကြေး☐☐<br>ကျန်းမာရေး☐☐<br>ဘာသာရေး☐☐☐<br>စိုက်ပျိုးမွေးမြူရေး☐☐<br>သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး☐☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐☐ | ကောင်း☐☐<br>သင့် ✔ ညံ့☐☐ |
| ၂ | လူငယ်အဖွဲ့ | ၁ ☐<br>၂ ✔ ၃ ☐ | ၅ | ၅ | ၁၀ | ပညာရေး☐☐☐ငွေကြေး☐☐<br>ကျန်းမာရေး☐☐☐ဘာသာရေး☐☐☐<br>စိုက်ပျိုးမွေးမြူရေး☐☐<br>သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး ✔<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐☐ | ကောင်း☐☐<br>သင့် ✔<br>ညံ့☐☐ |
| ၃ | ဘာသာရေးအဖွဲ့ | ၁ ☐<br>၂ ✔<br>၃ ☐ | ၃ | ၂ | ၅ | ပညာရေး☐☐☐ငွေကြေး☐☐<br>ကျန်းမာရေး☐☐☐ဘာသာရေး ✔ စိုက်ပျိုးမွေးမြူရေး☐☐ | ကောင်း☐☐<br>သင့် ✔<br>ညံ့☐☐ |

